AMK creation

# ဇော်မော်လင်း

အလွတ်စုံထောက်

မြခင်

# ကြမ္မာတောကအချစ်



အခန်း(၁)

## အလွတ်စုံထောက် မြဒင်

ယောက်ျားဆိုတာ

အသက်ကိုလုတဲ့နေရာမှ

ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား ရင်ဆိုင်ရတယ်ကွ

ကြောက်ရွံ့ကြောက်ရွံ့ လုပ်နေရင် မင်းသေလိမ့်မယ်

(အလွတ်စုံထောက် မြဒင်)

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် မျက်စောင်းထိုးတွင် Boat Club ရှိသည်။ ထိုကလပ်သည် ကန်ရေပြင်ကို မေးတင်ထားသည်။

အထက်ပန်းဆိုးတန်းလမ်း (Upper Fair Road) ကို ဦးတည်ဖွင့်လှစ်ထားသောကြောင့် လူစည်ကားသည်။ ပိုကာဝိုင်းများ (Bar) အရက်ခန်းများအပြင် ဘိလိယက်ခုံများလည်း ရှိသည်။

သို့သော်....

ထိုဘုတ်ကလပ်သို့ လူတိုင်းဝင်ခွင့် မရှိပါ။ မျက်နှာဖြူများနှင့် Member Only ဗမာလူမျိုး လူဂုဏ်တန်အချို့သာ ဝင်ရောက်ခွင့်ရှိသည်။ အလွတ်စုံထောက် မြဒင်သည် ထိုကလပ်၏ Member အဖွဲ့ဝင်တစ်ယောက် ဖြစ်သည်။ သူသည် အချိန်ရလျှင် ဘုတ်ကလပ်သို့လာ၍ ဘိလိယက်ထိုး ကစားလေ့ ရှိသည်။

အမှန်တော့ အလွတ်စုံထောက် မြဒင်သည် ဘိလိယက်ထိုး ကစားခြင်းထက် မှုခင်းများကို ဖော်ထုတ်လိုသောကြောင့်ဟု ဆိုလျှင် ပို၍ မှန်ကန်ပေလိမ့်မည်။

***

အခန်း (၂)

# ဘိလိယက်ထိုး၍ လုယူရသော အမှု

ခင်ဗျားတို့မင်းကြီးကို

အလွတ်စုံထောက်နံပါတ် (၁၁၉)နဲ့

အလွတ်စုံထောက်မြဒင်ဆိုတဲ့

ကျွန်တော့်နာမည်ကို ပြောလိုက်ပါ။

မင်းကြီးက ခွင့်ပြုမယ်လို့

ကျွန်တော်ယုံပါတယ်။

အလွတ်စုံထောက်မြဒင်သည် နီ၊ ညို၊ ဝါ၊ ပြာ ဘောလုံးလေးများကို စီလိုက်သည်။

နောက် အဖြူရောင်ဘောလုံးလေးကိုတည်၍ ကျူတံဖြင့် လက်တည့်စမ်း၍ ထိုးလိုက်သောကြောင့် အစိမ်းရောင်သက္ကလပ် အခင်းပေါ်တွင် ဘောလုံးလေးများ အလုအယက် ပြေးသွားကြသည်။

ဦးတည်ရာ လမ်းကြောင်းများအရ ပြေးလွှားသွားကြရာမှ သတ်မှတ်သည့်တွင်းများဆီသို့ ရောက်လျှင် တစ်ပြိုင်တည်း တစ်ချိန်တည်း ခေါင်းငုံ့လျက် အလျှိုလျှိုဝင်သွားကြသည်။

"Bravo... ဖျောင်း... ဖျောင်း... ဖျောင်း..."

အလွတ်စုံထောက်မြဒင်သည် အသံလာရာဆီသို့ လှည့်ကြည့်လိုက်သည်။ အခန်းဝတွင် ရပ်လျက် လက်ခုပ်တီး၍ အားပေးနေသော တောင်လုံးပြန်ပုလိပ်ဌာနမှ အင်စပက်တော်ခရစ်ပင်ကို တွေ့လိုက်ရသည်။ တွင်းများထဲမှ ဘောလုံးလေးများကို နှိုက်ယူ၍ မြဒင်ကို ပြောသည်။

"Surprise”

“No… Practice made Perfect”

“Right” ဟု အင်စပက်တော်ခရစ်ပင်က ဆိုသည်။

"ဒီမှာ အင်စပက်တာ ဘာမှ အံ့ဩစရာ မရှိပါဘူးဗျာ လေ့ကျင့်မှုသာ အဓိကပါ"

"Sorry ကျွန်တော် တောင်းပန်ပါတယ် ကိုမြဒင်" ဟုဆို၍ အင်စပက်တော် ခရစ်ပင်သည် လက်ဝယ်ရှိသော ဘောလုံးလေးများကို အစိမ်းရောင်သက္ကလပ်အခင်းပေါ်သို့ လိမ့်ပြီး တင်လိုက်သည်။

"ဒီမှာ အင်စပက်တော် အခုတလော ခင်ဗျား ပျောက်လှချည့်လားဗျ"

"ပျောက်ဆို အမှုတွေနဲ့ နပန်းလုံးနေရလို့ဗျို့"

"ဆိုစမ်းပါဦး၊ ဘာအမှုတွေများလဲဗျာ"

"ထုံးစံအတိုင်းပေါ့ Crime case တွေပေါ့"

"မှုခင်းတွေဆိုတော့ ခင်ဗျား အလုပ်တော်တော်ရှုပ်သွားမှာပေါ့နော်"

"ဒါပေါ့ဗျာ၊ ဒါပေမယ့် အမှုသုံးမှုအနက်က နှစ်မှုတော့ ပြီးသွားပါပြီ၊ တစ်မှုပဲ ကျန်တော့တယ် ဆိုပါတော့..."

"ဘာအမှုလဲ အင်စပက်တော်"

"အလောင်းပျောက်နေတဲ့ အမှုပါ၊ ရေနစ်သေဆုံးတယ်ဆိုပြီး လာရောက်တိုင်ကြားထားတဲ့ အမှုပါ၊ ဒါပေမယ့်ဗျာ... အခုအထိ အလောင်းကို ပြန်မရသေးဘူးဗျ"

"အင်း"

"တကယ်လို့ ရေနစ်သေဆုံးတာမှန်ရင် ရက်ပိုင်းအတွင်း အလောင်းက

ပေါ်ရမှာ မဟုတ်လား ကိုမြဒင်"

"ဟုတ်တာပေ့ါ အင်စပက်တာ"

"ရေနစ်သေဆုံးတယ်ဆိုပြီး အမှုတွေ ဖျောက်တတ်ကြတာ ကိုမြဒင်လည်း အသိပဲလေ"

"ဟုတ်ပါတယ် အင်စပက်တော်"

"အရေးထဲ၊ ဘုရင်ခံ ဒေါ်မံစမစ်ရဲ့ အထူးဧည့်သည်တော် ကင့်မြို့စားကြီး ရန်ကုန်မြို့ (Ramgoon) ကို လာမယ်ဆိုလို့ ဘုရင်ခံရဲ့ အိမ်တော် လုံခြုံရေးကို ဝင်ရဦးမယ်ဗျာ" အလွတ်စုံထောက်မြဒင်သည် အင်စပက်တော် ခရစ်ပင်ကို ခေါင်းညိတ်ပြလိုက်သည်။

"သန်ဘက်ခါ အိမ်တော်လုံခြုံရေး ဝင်ရမှာမို့ အချိန်ရခိုက် ခင်ဗျားနဲ့ ဘိလိယက်ထိုးဖို့ လာခဲ့တာ" ဟု အင်စပက်တော် ခရစ်ပင်က ဆိုသည်။

"ရပါတယ် အင်စပက်တာ ဒါပေမယ့် ခင်ဗျားရဲ့ လက်ကျန်အမှုကို ကျွန်တော် စိတ်ဝင်စားတယ်"

"ဘာဖြစ်လို့လဲ ကိုမြဒင်"

"ဒီလိုလေ"

"ပြောပါ ကိုမြဒင်"

"ခင်ဗျားပြောသလို၊ လူသတ်ပြီးတာနဲ့ ရေထဲပစ်ချပြီး လက်စလက်န ဖျောက်ကြလို့ပါ"

"ဟုတ်ပါတယ် ကျွန်တော်က ဒီအမှုကို အလောင်းမရမချင်း ပိတ်မှာမဟုတ်ပါဘူး"

"ကောင်းပါတယ်၊ ဒါထက် အိမ်တော်မှာ ခင်ဗျားက လုံခြုံရေး

ဝင်ရမယ်ဆိုတော့ ဒီအမှုကို ဘယ်သူဆက်လိုက်မှာလဲဗျ"

"Penning ပေါ့ဗျာ၊ ထုံးစံအတိုင်း V.I.P ကိုပဲ ဦးစားပေးရမှာပေါ့" ဟု ဆိုရာမှ အင်စပက်တော် ခရစ်ပင်သည် သက္ကလပ်အခင်းပေါ်တွင် ပြန့်ကျဲနေသော ဘောလုံးလေးများကို စီလိုက်သည်။

နောက်....

“Challenge” ဟုဆို၍ မြဒင်ကို စိန်ခေါ်သည်။

“Please” ဟု မြဒင်ပြောလိုက်သောကြောင့် ကျူတံကို ကိုင်၍ အသင့်ပြင်နေသော အင်စပက်ခရစ်ပင်က မြဒင်ကို ပြန်ပြောသည်။

"ဆိုစမ်းပါဦး ကိုမြဒင်"

"ဒီလိုပါ၊ ဒီအမှုကို ကျွန်တော် လိုက်ချင်လို့ပါ"

"ဒီမှာ ကိုမြဒင် ခင်ဗျားကို အမှုအပ်ရအောင် ကျွန်တော့်မှာ ပိုက်ဆံမရှိဘူးဗျ" ဟု အင်စပက်တော်ခရစ်ပင်က ဆိုသည်။

"မလိုပါဘူးဗျာ ခင်ဗျားပေးလည်း ကျွန်တော် မယူပါဘူး၊ ခင်ဗျားတို့ အလုပ်ရှုပ်နေတဲ့အချိန်မှာ အကူအညီပေးချင်လို့ပါ"

"ကိုမြဒင်ကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်နဲ့ မပြီးဘူးဗျ၊ ကျွန်တော်တို့ အထက်မှာ မင်းကြီးရှိတယ်လေ"

"ဟုတ်ပါတယ် အင်စပက်တာ၊ ဒါပေမယ့်ဗျာ ခင်ဗျားတို့မင်းကြီးကို အလွတ်စုံထောက် နံပါတ် (၈၈၉) နဲ့ ကျွန်တော့်နာမည်ကိုသာ ပြောလိုက်ပါ၊ မင်းကြီးက ခွင့်ပြုမယ်လို့ ကျွန်တော် ယုံပါတယ်"

"ဟုတ်ပါတယ်၊ မင်းကြီးကလည်း ပြောပါတယ်"

"မင်းကြီးက ကျွန်တော့်ကို ဘာပြောသလဲဗျ"

"ဗမာလူမျိုး အလွတ်စုံထောက်တွေထဲမှာတော့ ကိုမြဒင်က အားအထားရဆုံးလို့ ပြောပါတယ်"

"ဒါဆို ဒီအမှုကို လိုက်ဖို့ ကျွန်တော့်ကို ခင်ဗျားက လက်ပြောင်းပေးမယ်ပေ့ါ၊ ဟုတ်လား"

"ဒီမှာ ကိုမြဒင် ခင်ဗျားကို အမှုမအပ်သေးဘူးလေဗျာ"

"ဟာဗျာ၊ ဘယ်လိုဖြစ်ရတာ လဲ၊ ခုနကတော့ ဒီအမှုနဲ့ ပတ်သက်ပြီး မင်းကြီးကို တင်ပြပေးမယ်ဆို..."

"ဒီလိုပါ ကိုမြဒင်"

"ပြောပါ အင်စပက်တော်"

"ခင်ဗျားနဲ့ ကျွန်တော် ရာရှင်ပူးထိုးမယ်၊ ကျွန်တော်နိုင်ရင် ခင်ဗျားကို ဒီအမှုပြောင်းမပေးဘူး၊ ဘယ်လိုလဲ"

"ကောင်းပါပြီ အင်စပက်တာ၊ တကယ်လို့ ခင်ဗျားရှုံးရင် ဘယ်လိုလုပ်မဲဆိုတာလဲ ကျွန်တော့်ကို ပြောပါဦး..."

"ကျွန်တော်ရှုံးရင် ဒီအမှုကို လက်ပြောင်းပေးမယ်" ဟု ဆို၍ အင်စပက်တော်ခရစ်ပင်သည် မြဒင်ကို ပြုံးထေ့ထေ့ဖြင့် ကြည့်သည်။

တကယ်တော့....

အင်စပက်တော်ခရစ်ပင်သည် ထိုပွဲတွင် မြဒင်ကို အနိုင်ယူ၍ ထိုအမှုကို မြဒင်အား လက်ပြောင်းမပေးဘူးဟု ဆုံးဖြတ်ထားပုံ ရသည်။

မြဒင်ကလည်း ဒီပွဲတွင် အင်စပက်တော်ခရစ်ပင်ကို အနိုင်ထိုး၍ ထိုအမှုကို လက်ပြောင်းယူမည်ဟု ဆုံးဖြတ်ထားသည်။

"သေချာတယ်နော်"

"Sure သေချာပါတယ်" ဟု အင်စပက်တော်ခရစ်ပင်က ပြန်ပြောသည်။

"Keep Your Promise ကတိမပျက်ရဘူးနော်" ဟု မြဒင်က ပြောလိုက်သောကြောင့် အင်စပက်တော်ခရစ်ပင်က

"Dead Sure ကတိတည်ပါတယ်" ဟု ဆိုသည်။

အင်စပက်တော်ခရစ်ပင်ထံမှ ကတိရရှိလျှင် မြဒင်သည် ရာရှင်ပူးကို အမှတ်များ ဆက်တိုက်ယူ၍ အပြတ်ထိုးလိုက်သည်။

"ဘယ်လိုလဲ အင်စပက်တော်"

"ကျွန်တော့်ကတိအတိုင်း မင်းကြီးကို ပြောပေးပါ့မယ်၊ မနက်ဖြန် တောင်လုံးပြန် Police Office ဌာနကို လာခဲ့ပါ" ဟုဆိုပြီး အလွတ်စုံထောက်မြဒင်ကို လက်ဆွဲနှုတ်ဆက်၍ အင်စပက်တော်ခရစ်ပင် ထွက်သွားပါတော့သည်။

***

အခန်း (၃)

## လိုက်ကာချထားသည့် အလောင်း

ဗမာပြည်မှာက

တရုတ်မင်းစိုးရာဇာမှ မရှိဘဲ၊

ဒီတော့ တရုတ်သူဌေးကတော်ကြီး

ဖြစ်ရမယ်လို့ ပြောတာပါ၊

ကျွန်တော်ပြောတာ မယုံရင်

သူတို့ကို သွားမေးလိုက်ပါ အင်စပက်တာ

တောင်လုံးပြန်ပုလိပ်ဌာနသည် ဦးအုံးခိုင်လမ်းမှ ကုလားအတ်စတီးလမ်းသို့ ဆုံစီးရာ ကြက်လျှာစွန်းတွင် ရှိသည်။

ထိုပုလိပ်ဌာန၏ အနောက်ဘက်ခြမ်းတွင် တရုတ်သချႋုင်းကြီး ရှိသည်။

အလွတ်စုံထောက်မြဒင်သည် အင်စပက်တော်ခရစ်ပင်ထံမှ အမှုကို လက်ပြောင်းယူနိုင်ရန် တရုတ်သချႋုင်းအနီးရှိ တောင်လုံးပြန် ပုလိပ်ဌာနသို့ လာခဲ့သည်။

အင်စပက်တော်ခရစ်ပင်ကို ရုံးခန်းထဲတွင် အသင့်တွေ့ရသည်။

အင်စပက်တော်ခရစ်ပင်သည် မြဒင်ကို တွေ့လျှင် Welcom ဟု ဆို၍ ခရီးဦးကြို ပြုသည်။

ထိုစဉ်

တုံချမ်း... တုံချမ်း... တုံတုံချမ်း....

တရုတ်ဗုံတီးသံများ ပေါ်လာသည်။

အင်စပက်တော်ခရစ်ပင်သည် မြဒင်အား Please ဟုဆို၍ ဂရံတာသို့ထွက်သွားသောကြောင့် မြဒင်သည် ကုလားထိုင်တွင် ဝင်ထိုင်ရင်း ကျန်ရစ်၏။

တုံချမ်း... တုံချမ်း... တုံတုံချမ်း....

အင်စပက်တော်ခရစ်ပင်သည် ဂရံတာသို့ ရောက်လျှင် အသံလာရာသို့ ကြည့်လိုက်သည်။

သုံးမြှောင်အလံချွန်ကြီးများကို လွှင်ထူလျက် တရုတ်သချႋုင်းဆီသို့ ဦးတည်လာနေသော လူစုလူဝေးကြီးကို တွေ့ရသည်။

တုံချမ်း... တုံချမ်း... တုံတုံချမ်း...

အင်စပက်တော်ခရစ်ပင်သည် ထိုလူစုလူဝေးကြီးကို လှမ်းကြည့်ရာမှ ရုံးခန်းထဲတွင် ထိုင်နေသော မြဒင်ကို လှမ်းခေါ်သည်

မြဒင်သည် အခန်းထဲမှ ထွက်၍ အင်စပက်တော်ခရစ်ပင်ထံ သွားလိုက်သည်။ အင်စပက်တော်ခရစ်ပင်သည် သူ့အနီးသို့ မြဒင်ရောက်လျှင် မြဒင်အား လက်ညှိုးညွှန်ပြသည်။

"အဲဒါ ... တရုတ်အသုဘ ချလာတာလေ၊ ဘာဆန်းလို့လဲ အင်စပက်တာ" ဟု မြဒင် ပြောလိုက်သည်။

ထိုစဉ်

လူအုပ်ကြီးသည် တောင်လုံးပြန်ပုလိပ်ဌာနအနီးသို့ ရောက်လာသည်။

အင်စပက်တော်ခရစ်ပင်သည် အနီးသို့ ရောက်လာသော အသုဘလှည်းကို ကြည့်၍ ပြောသည်။

"ဟိုမှာကြည့်ပါဦး ကိုမြဒင် အသုဘလှည်းကို လိုက်ကာတွေချပြီး ဆွဲယူလာတယ်"

"အခုလို လိုက်ကာတွေချပြီး ဆွဲယူတာဟာ တရုတ်လူမျိုးတွေရဲ့ ရိုးရာအစဉ်အလာအရ ချလာတာလေ၊ အဲဒါဘာဖြစ်လို့လဲ အင်စပက်တာ"

"ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမယ့် အခုလို လိုက်ကာတွေ ချပြီးဆွဲယူလာတယ်ဆိုတော့ ယောကျ်ားလား၊ မိန်းမလား၊ လူကြီးလား၊ လူငယ်လားဆိုတာ ခွဲခြားသိဖို့ ခက်တာကို ပြောတာပါ"

"ဘာမှ မခက်ပါဘူးဗျာ၊ လွယ်လွယ်လေးပါ"

"ဒါဖြင့် ဆိုစမ်းပါဦး ကိုမြဒင်"

"အသက် (၇၀)ကျော် တရုတ်သူဌေးကတော်ကြီးဗျ"

"ဗျာ....??

အင်စပက်တော်ခရစ်ပင်ထံမှ အမေဒိုတ်သံ ထွက်လာသည်။

နောက်...

အင်စပက်တော်ခရစ်ပင်က မြဒင်ကို မေးသည်။

"ခင်ဗျားက ဘယ်လိုလုပ်ပြီး သိနေတာလဲဗျာ"

"ဒီမှာ အင်စပက်တော် အသုဘလှည်းပေါ်က အရုပ်လေးကို မြင်တယ် မဟုတ်လား " ဟု အင်စပက်တော်ခရစ်ပင်ကို ပြောပြောဆိုဆို မြဒင် လက်ညှိုးညွှန်ပြလိုက်သည်။

အင်စပက်တော်ခရစ်ပင်သည် အသုဘလှည်းကို လှမ်းကြည့်ပြီး ပြောသည်။

"ဖျိုင်းရုပ်လေ"

"ဖျိုင်းမှာ အထီးမရှိဘူးဗျ၊ အမပဲ ရှိတယ်၊ ဖျိုင်းရုပ်ဆိုတော့ မိန်းမပဲ ဖြစ်ရမှာပေါ့ဗျာ၊ ယောကျ်ားဆိုရင် ကျားရုပ်ဗျ"

"အော်... ဒီလိုလား"

"ဟုတ်ပါတယ် အင်စပက်တာ၊ လိုက်ကာကို သွားဖွင့်ပြီး ကြည့်စရာမလိုဘူး"

"ထားပါတော့ ကိုမြဒင်၊ ဒါပေမယ့် အသက် (၇၀)ကျော်လို့ ခင်ဗျား ဘာကြောင့် ပြောနိုင်တာလဲ"

"ရှင်းရှင်းလေးပါ"

"ပြောပါဦး ကိုမြဒင်"

"ဒီလိုပါ လှည်းနောက်က ကြိုးစကို ဆွဲပြီးလိုက်တာလဲ လူကြီးကို ကြည့်ပြီး ပြောတာပါ"

"ရှင်းစမ်းပါဦး ကိုမြဒင်"

"သေဆုံးသူရဲ့ မိသားစုဝင်တွေသာ ကြိုးစကို ဆွဲပြီးလိုက်ပါခွင့် ရှိတာဗျ၊ နောက်ပြီးတော့ အနက်ရောင် ဝတ်စုံတွေလည်း ဝတ်ထားကြတယ်လေ"

"ဟုတ်ပါတယ် ကိုမြဒင်"

"ကြိုးစကိုဆွဲပြီးလိုက်လာကြတဲ့ လူတွေထဲက အသက်အကြီးဆုံးလူကို ခင်ဗျား ရှာလိုက်စမ်းပါ"

"ဟောဟိုမှာတွေ့ပြီး ရှေ့ဆုံးက ကြိုးစကို ဆွဲပြီး လိုက်လာတဲ့ လူကြီး"

"အဲဒီ လူကြီးရဲ့အသက် ဘယ်လောက်ရှိပြီလို့ ခင်ဗျား ထင်သလဲ"

"အသက် (၅၀)ကျော် ရှိပြီထင်တယ်"

"သားအသက်က (၅၀)ကျော်နေပြီဆိုတော့ အမေရဲ့အသက် ဘယ်လောက်ရှိနိုင်သလဲ အင်စပက်တာ"

"၇၀ ကျော်ပြီပေါ့"

"အဲဒါကြောင့် ပြောတာပေါ့ဗျာ"

"ဟုတ်ပါပြီ၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ အင်စပက်တာ"

"တကယ်လို့ ထိုလူကြီးရဲ့ ဇနီးဖြစ်နေရင်၊ ဘယ်လိုလုပ်မလဲ ကိုမြဒင်" ဟု ဆို၍ အင်စပက်တော်ခရစ်ပင်က အတွန့်တက်သည်။

"မဖြစ်နိုင်ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ ကိုမြဒင်"

"ဒီလူကြီးက အနက်ရောင်ဝတ်စုံအပြင် ဂုန်နီအိတ်ကို စွပ်ထားလို့ပါ"

"ဘယ်လို ကိုမြဒင်"

"ဒီလိုပါ၊ အခုလို အနက်ရောင်ဝတ်စုံအပြင် ဂုန်နီအိတ်စွပ်ထားတယ်ဆိုတာ သေဆုံးသူရဲ့ သားသမီးအရင်းအချာတွေ ဖြစ်လို့ပါ"

"အနက်ရောင် ဝတ်စုံဝတ်ထားတဲ့ လူတွေကရော ကိုမြဒင်"

"သူတို့က ဆွေမျိုးတွေလေ"

"သူဌေးကတော်ကြီးဆိုတာကိုလည်း ရှင်းစမ်းပါဦး ကိုမြဒင်ရဲ့"

"အလံတွေ လွှင့်ထူပြီး ဆိုင်းတွေ၊ ဗုံတွေတီးပြီး ချလာလို့ပါ၊ ဒီလိုအခမ်းအနား၊ အဆောင်အရောင်တွေနဲ့ အသုဘချတယ်ဆိုတာ၊ တရုတ်မင်းစိုးရာဇာနဲ့ တရုတ်သူဌေးသူကြွယ်တေကိုသာ ချတာဗျ"

"ဟုတ်ကဲ့"

"ဗမာပြည်မှာက တရုတ်မင်းစိုးရာဇာမှ မရှိဘဲ၊ ဒီတော့ တရုတ်သူဌေးကတော်ကြီး ဖြစ်ရမယ်လို့ ပြောတာပါ၊ ကျွန်တော်ပြောတာ မယုံရင် သူတို့ကို သွားမေးလိုက်ပါ အင်စပက်တာ"

"မမေးတော့ပါဘူးဗျာ၊ ယုံပါတယ်"

"ဒီမှာ အင်စပက်တာ ဒီတရုတ်သူဌေးကတော်ကြီးကို မြေမြှုပ်မှာ မဟုတ်ဘူးဗျ"

"မြေမမြှုပ်ရင် မီးသင်္ဂြိုဟ်မှာပေါ့နော်"

"မြေမြှုပ်မှာလည်း မဟုတ်ဘူး၊ မီးသဂြိုဟ်မှာလည်း မဟုတ်ပါဘူး"

"ဒါဖြင့်"

"ဂူသွင်းမှာဗျ"

"ခင်ဗျားက ဘယ်လိုသိနေတာလဲ ကိုမြဒင်"

"ဟိုမှာ မတွေ့ဘူးလား" ဆို၍ မြဒင်သည် တစ်ဖက်ရှိ တရုတ်သချႋုင်းကြီးအတွင်းမှ အုတ်ဂူအသစ်စက်စက်ကို လက်ညှိုးထိုး ညွှန်ပြလိုက်သည်။

"အင်း အခုလို ကိုမြဒင်ပြောမှပဲ သဘောပေါက်တော့တယ်၊ ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

မြဒင်သည် ဘာမှပြန်မပြောဘဲ အင်စပက်တော်ခရစ်ပင်ကို အပြုံးနှင့် တုံ့ပြန်လိုက်သည်။

ထိုနောက်တော့ သူတို့နှစ်ယောက် ရုံးခန်းထဲသို့ ပြန်ဝင်ခဲ့ကြသည်။

မြဒင်သည် ထိုင်လျှင်ထိုင်ချင်း အင်စပက်တော်ခရစ်ပင်ကို ပြောလိုက်သည်။

"ဘယ်လိုလဲ အင်စပက်တော်၊ အမှုလွှဲပြောင်းပေးဖို့ မင်းကြီးကို တင်ပြပြီးလား"

"ဟင့်အင်း"

"ခင်ဗျားကို ကျွန်တော် နိုင်ထားတယ်နော်၊ ခင်ဗျား မေ့နေပြီလား"

"ကိုမြဒင်ကလဲဗျာ၊ ကျွန်တော် ပြောပါရစေဦး စကားကို ဆုံးအောင် နားထောင်ပါဦး"

"ဒါဆိုလည်း ပြောဗျာ"

"ခင်ဗျားကို မနက်ဖြန် (၁၀)နာရီမှာ မင်းကြီးကတွေ့ချင်တယ်လို့ ကျွန်တော့်ကို အမိန့်ပေးလိုက်တယ်ဗျ"

"ဗျာ ဘာကိစ္စရှိလို့လဲ"

"ဒါတော့ ကျွန်တော် မသိဘူး"

"အင်စပက်တော်ကလဲဗျာ လျှို့နေပြန်ပြီ၊ ကျွန်တော် အလွတ်စုံထောက်တစ်ယောက်ပါ၊ နှုတ်လုံပါတယ်ဗျာ၊ ကျွန်တော့်ကို ယုံတယ်မဟုတ်လား ပြောစမ်းပါဗျာ၊ မင်းကြီးက ဘာကြောင့် တွေ့ချင်နေတာလဲ"

"ကျွန်တော့်အထင်တော့ ယိုးဒယားကို ထွက်ပြေးသွားတဲ့ တရားခံပြေးနောက်ကို လိုက်ဖို့နဲ့တူပါတယ်"

"အခုလို ကျွန်တော့်အပေါ်မှာ မင်းကြီးက အရေးထားလို့ မင်းကြီးကို ကျွန်တော် လေးစားသွားပြီ"

"ဒါပေါ့ဗျာ၊ မင်းကြီးက ဗမာလူမျိုး အလွတ်စုံထောက်တွေမှာ ခင်ဗျားတစ်ယောက်ကိုသာ သူ့ခေါင်းထဲ ထည့်ထားတာဗျ၊ တခြားသူတွေကို သူ့ခေါင်းထဲမှာ မရှိဘူး"

"ဒါဆို ကျွန်တော်တို့နှစ်ယောက် သွားပြီး သတင်းပို့ရမှာပေါ့နော်"

"မဟုတ်ဘူး၊ ခင်ဗျားတစ်ယောက်တည်း သွားပြီး သတင်းပို့ရမှာဗျ"

"ဘယ်မှာ သွားပြီး သတင်းပို့ရမှာလဲ"

"ထုံးစံအတိုင်း Stand Road (ကမ်းနားလမ်း) က Police Head Quarter ပုလိပ်မင်းကြီးရုံးမှာပေါ့ဗျ"

"ဘယ်အချိန်လဲ"

"နံနက် (၁၁) နာရီ"

"ဟုတ်ကဲ့ ကျွန်တော်သွားပြီး မင်းကြီးကို သတင်းပို့ပါ့မယ်" ဟု ဆို၍ မြဒင်သည် အင်စပက်တော်ခရစ်ပင်ကို လက်ဆွဲနှုတ်ဆက်ပြီး ရုံးခန်းထဲမှ ထွက်ခဲ့သည်။

တကယ်တော့

အလွတ်စုံထောက် မြဒင်သည် မင်းကြီးခေါ်သည့်အတွက် မိမိကိုယ်မိမိ ဂုဏ်ယူမိသည်က အမှန်ပင် ဖြစ်ပါတော့သည်။

***

အခန်း (၄)

## အမှုလိုက်ခြင်း

ကန်ပူရီမှာ လိုင်စင်မလိုဘူးကွ၊

သေနတ်မျိုးစုံကို ဗန်းထဲထည့်ရောင်းနေကြတာလေ၊

ငါက လိုရမယ်ရ မင်းကို ထည့်ပေးလိုက်တာ

အလွတ်စုံထောက် မြဒင်သည် စားပွဲတွင် အခန့်သားထိုင်နေသည့် ပုလိပ်မင်းကြီး မစ္စတာ ဒစ်ကပင်အား ဆလံပေးလိုက်သည်။

"Sit Down ထိုင်ပါ" ဟု ဆိုသောကြောင့် မြဒင်သည် မင်းကြီး၏ ရှေ့တွင် ဝင်ထိုင်လိုက်သည်။

"မင်းကို အမှုလွှဲပေးဖို့ အင်စပက်တော်ခရစ်ပင်က ငါ့ကို ပြောတယ်ကွ"

"ဟုတ်ပါတယ် မင်းကြီး"

"ဘာလို့ လက်ပြောင်းယူချင်တာလဲ မြဒင်"

"ရေနစ်သေဆုံးတယ်ဆိုပြီး အမှုကို ဖျောက်ဖျက်ပစ်တတ်လို့ပါ မင်းကြီး"

"အေး ဟုတ်တယ်၊ ဒါပေမယ့် မနေ့ညကပဲ အလောင်းပြန်ရပြီးဆိုတော့ မင်းလိုက်စရာ မလိုတော့ဘူး"

"ဒီလိုဆို... ကျွန်တော့်ကို ဘာအတွက် ခေါ်တာလဲ အမိန့်ရှိပါ မင်းကြီး"

"Trace Case လိုက်ခြင်းတစ်ခုကို တာဝန်ပေးဖို့ကွ"

"ရပါတယ်ခင်ဗျာ၊ အသင့်ပါပဲ"

"ဒီလိုက်ခြင်းက ယိုးဒယား ဗမာနယ်စပ်မှာရှိတယ်"

"ဟုတ်ကဲ့"

"ဒီအမှုကို လိုက်တဲ့အတွက် ဝန်ဆောင်ခ (Three Hundred Ruppes) အိန္ဒိယကျပ်ဒင်္ဂါး သုံးရာပေးမယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"လိုက်ခင်းက ကန်ပူရီမှာ ရှိတယ်"

"အမိန့်ရှိပါ မင်းကြီး"

"ဖြစ်စဉ်က ဒီလိုကွ"

"ဟုတ်ကဲ့"

"Golden Villy ဂိုဒင်ဘယ်လီ ရွှေတောင်ကြားမှာနေတဲ့ B.O.C သူဌေး မစ္စတာ ဟင်နရီ မိသားစုတွေကို အစုလိုက်၊ အပြုံလိုက် သတ်ပြီး စိန်တွေကို လုယက်မှုပဲ"

"ဟုတ်ကဲ့"

"ဒီကောင်က စိန်ထုပ်ကို ပိုက်ပြီး ယိုးဒယား-ဗမာနယ်စပ်က ကျောက်ပုံကို ပြေးသွားတာကွ"

"ဟုတ်ကဲ့"

"ဒီအမှုနဲ့ ပတ်သက်ပြီး ဘုရင်ခံ ဒေါ်မံစမစ်က နေ့စဉ်နဲ့အမျှ ငါ့ကို ကြိမ်းနေတယ်"

"ဟုတ်ကဲ့ပါ မင်းကြီး"

"အခု ဧည့်သည်တော် ကင့်မြို့စားကြီး လာမယ်ဆိုလို့ သူငြိမ်နေတာ၊ ကင့်မြို့စားကြီး ပြန်သွားရင် ငါ့ခေါင်းကို ထုဦးမှာကွ"

"အမိန့်ရှိပါ မင်းကြီး"

"အဲဒီ တော့ စိန်ထုပ်ပိုက်ပြီး ယိုးဒယားပြေးသွားတဲ့

တရားခံပြေးနောက်ကို မင်း လိုက်ရလိမ့်မယ်"

"ရပါတယ် ခင်ဗျာ"

"ဒီကောင်က ဗမာပြည်ကို ပြန်မလာဘဲ ယိုးဒယား-ဗမာနယ်စပ်က ကန်ပူရီကို အခြေခံပြီး ဘိန်းမည်းတွေကို မှောင်ခိုကူးနေတယ်လို့လည်း ငါ သတင်းရထားတယ်"

"ဟုတ်ကဲ့"

"ဒါထက် ယိုးဒယားစကား မင်းတတ်သလား မြဒင်"

"တတ်ပါတယ်ခင်ဗျာ၊ ယိုးဒယားစာလည်း တတ်ပါတယ်"

"ဟန်ကျလိုက်လေကွာ၊ ငါ လူရွေးတာ မှန်သွားပြီ၊ ဟား... ဟား... ဟား" ဟု ပုလိပ်မင်းကြီး ဒစ်ကမင်က မြဒင်ကို စေ့စေ့ကြည့်ပြီး ရင်ဖွင့်လျက် ရယ်နေသည်။

"မင်းကြီးကို ကျွန်တော် တစ်ခုမေးချင်တယ်"

"မေးပါ မြဒင်"

"ဒီကောင်တွေကို ကျွန်တော်က ဖမ်းပေးရမှာလား"

"မင်းက အလွတ်စုံထောက်ဆိုတော့ မင်းမှာ ဖမ်းပိုင်ခွင့် မရှိဘူး၊ မင်းတာဝန်က ထောက်လှမ်းဖို့ပဲ"

"မှန်ပါတယ် မင်းကြီး"

"ဒီကောင်ကို ခြေခြေမြစ်မြစ် ထောက်လှမ်းလို့ရရင် ငါ့ဆီကို သံကြိုးရိုက်လိုက်၊ ယိုးဒယား ပုလိပ်မင်းကြီးနဲ့ ငါက အင်္ဂလန်မှာ Police Officer အရာရှိသင်တန်းကျောင်း အတူတူတက်ခဲ့တာ မင်းအတွက် အကူအညီ ရမှာပေါ့ကွ"

မြဒင်သည် ပုလိပ်မင်းကြီးကို ခေါင်းညိတ်ပြလိုက်သည်။

"ဒီမှာ မြဒင်"

"အမိန့်ရှိပါ မင်းကြီး"

"ရှင်းရှင်းပြောရရင်တော့ကွာ၊ ငါ့လူတွေကို ကန်ပူရိကို လွှတ်ချင်တာ အမှန်ပဲ၊ ဒါပေမယ့် သူတို့တွေက Engalo Indian အင်္ဂလိပ်ကုလားကပြားတွေဆိုတော့ ယိုးဒယားလူမျိုးတွေနဲ့ လူရောလို့ မရဘူးလေ"

"ဟုတ်ပါတယ် မင်းကြီး"

"မင်းက ဗမာလူမျိုးဆိုတော့ ယိုးဒယားလူမျိုးတွေနဲ့ ရောလို့ ရတယ်ကွ၊ ဒီကောင်တွေလည်း မျက်စိလည်သွားနိုင်တယ်၊ နောက်ပြီးတော့ မင်းက ယိုးဒယားစကားလည်း တတ်တယ်၊ စာလည်း တတ်တယ်ဆိုတော့ ပိုပြီး အဆင်ပြေတာပေါ့ကွာ"

"မှန်ပါတယ် ခင်ဗျာ"

"ခေါင်းဆောင်လုပ်တဲ့သူနာမည်က ရာဇာ" ဟု ဆိုရာမှ ပုလိပ်မင်းကြီး မစ္စတာ ဒစ်ကမင်သည် စားပွဲပေါ်ရှိ အမှုတွဲ အများအပြားရှိရာမှ ဖိုင်တွဲတစ်ခုကို ယူလိုက်ပြီး ထိုအထဲမှ တရားခံပြေးရာဇာ ဓာတ်ပုံကို ပြသည်။

"စိတ်ချပါ မင်းကြီး၊ ဒီကောင် ပြေးမလွှတ်နိုင်ပါဘူး"

"မင်းကိုတော့ ငါ ယုံပါတယ်၊ ဒါကြောင့်လည်း ဗမာလူမျိုး အလွှတ်စုံထောက်တွေထဲက မင်းကို ရွေးထုတ်ပြီး ဒီတာဝန်ကို ပေးတာပေါ့ကွ"

"ဟုတ်ပါတယ် မင်းကြီး၊ ဒါပေမယ့် မင်းကြီးကို ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်"

"ဆိုစမ်းပါဦး"

"ဒီကောင်တွေ ရန်ရှာလာရင် ပြန်လည်ခုခံဖို့ သေနတ်တော့ လိုမယ်ထင်တယ်"

"ဟုတ်တယ်လေ၊ ဘယ်သူမဆို ကိုယ့်ကိုကိုယ် ခုခံကာကွယ်ခွင့်

ရှိရမှာပေါ့"

"မှန်ပါတယ် မင်းကြီး"

"ဒါပေမယ့် ကိုယ့်မှာရှိတဲ့ လက်နက်ကို အလွဲသုံးစား လုပ်ရင်တော့ ဥပဒေအရ အရေးယူခံရမယ်ဆိုတာ အလွတ်စုံထောက်ဖြစ်တဲ့ မင်းလည်း သိမှာပေါ့"

"သဘောပေါက်ပါတယ် မင်းကြီး"

"မင်းကို ၃၈ ဘိုလ် ခြောက်လုံးပြူးသေနတ်ကို လိုင်စင်နဲ့ ထုတ်ပေးလိုက်မယ်"

"ကျေးဇူးတင်ပါတယ် မင်းကြီး၊ ဒါပေမယ့် ဒီလိုင်စင်နဲ့ ဒီသေနတ်က ယိုးဒယားမှာ တရားဝင်ပါ့မလား"

"ဘာပြောတယ်ကွ"

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ မင်းကြီး"

"ဒီမှာ မြဒင်"

"ဟုတ်ကဲ့"

"ကန်ပူရီမှာ လိုင်စင်မလိုဘူးကွ၊ သေနတ်မျိုးစုံကို ဗန်းထဲထည့်ရောင်းနေကြတာလေ၊ ငါက လိုရမယ်ရ မင်းကို ထည့်ပေးလိုက်တာ"

"မှန်ပါတယ် မင်းကြီး"

"ကဲ မနက်ဖြန် သေနတ်လိုင်စင်နဲ့ ငွေထုတ်ပြီး ခရီးစတော့"

"ဟုတ်ကဲ့"

"ညှော်သည်တော် ကင့်မြို့စားကြီးအတွက် ငါ အလုပ်များနေတယ်၊ မင်းကို ညှော်ခံဖို့ ငါ့မှာ အချိန်မရှိတာကို နားလည်ပေး"

မြဒင်သည် မင်းကြီးစကားဆုံးလျှင် ထိုင်နေရာမှ ထ၍ ရပ်လိုက်သည်။

"Believe in your self" ယုံကြည်မှုအပြည့်ရှိစမ်းပါဟု ပြောလာသော ပုလိပ်မင်းကြီး စကားဆုံးလျှင် အလွတ်စုံထောက်မြဒင်သည် ဆလံပေးပြီး အခန်းအပြင်သို့ ထွက်ခဲ့ပါတော့သည်။

***

အခန်း (၅)

# ပြတ်စပြဲတောင်း

သို့သော်လည်း သူတို့နောက်မဆုတ်ကြပါ။

မြဒင်ကို ရှေ့နောက် ဝိုင်းရံလိုက်သည်။

မြဒင်အတွက် ဒါတွေ ရိုးနေပါပြီ။

ကိုယ်အနေအထားကို မြဒင် ပြောင်းလိုက်သည်။

သူတို့နှစ်ယောက် မြဒင်၏ ဝဲ၊ ယာ၊ တစ်ဖက်တစ်ချက်သို့ ရောက်သွားသည်။

အလွတ်စုံထောက် မြဒင်သည် ရန်ကုန်ပုလိပ်မင်းကြီး အမိန့်အရ ယိုးဒယားရှိ ကန်ပူရီသို့ လာခဲ့သည်။

ကန်ပူရီသို့ ရောက်လျှင် နာမည်ကြီး Hotel Seal Gaul (ဆီးလ်ဂေါလ်) ဟိုတယ်သို့ လာခဲ့သည်။

ညဥ့်ဦးယံမို့ မြေနီလမ်းတစ်လျှောက် လျှပ်စစ်မီးသီးလေးများကို ထွန်းညှိထားသည်။

မီးသီးနီနီလေးများသည် ကုန်းမြင့်ပေါ်ရှိ ဆီးလ်ဂေါလ်ဟိုတယ်သို့ လမ်းညွှန်ပြလျက် ရှိသည်။

မြဒင်သည် ပတ်လမ်းအတိုင်း ဟိုတယ်သို့ ဝင်ခဲ့သည်။

ပန်းချုံတောတစ်ခုအနီးသို့ရောက်လျှင် ရုတ်ရုတ်သဲသဲ လူတစ်စုကို တွေ့ရသည်။

မြဒင်သည် ပန်းချုံတောတစ်ဖက်ရှိ အလှစိုက်ထားသော အုန်းပင်ပုလေးများနောက်ကွယ်တွင် ကပ်၍ အခြေအနေကို စောင့်ကြည့်လိုက်သည်။

မြင်ကွင်းက အကျည်းတန်သည်။

အားကောင်းမောင်းသန် လူနှစ်ယောက်သည် ခပ်နွဲ့နွဲ့လူငယ်လေးတစ်ယောက်ကို တစ်ဖက်တစ်ချက်မှ ချုပ်ကိုင်ထားကြသည်။

ခေါင်းဆောင်ဟု ထင်ရသူသည် လူငယ်ဗိုက်ထဲသို့ လက်သီးတစ်လုံး ထိုးသွင်းလိုက်သည်။

"အင့်"

နောက်တစ်လုံး

"အား"

လူငယ်လေးသည် သူ့ထက် အားကောင်းမောင်းသန်သူ နှစ်ယောက်က ချုပ်နှောင်ထားသောကြောင့် မလူးသာ၊ မလွန့်သာဖြစ်နေသည်။

"ဖုန်း"

"အမေ့လေး"

မြဒင် သည်းခံနိုင်စွမ်း မရှိတော့ပါ။

"ဟေ့ မတရားမလုပ်နဲ့" ဟု ယိုးဒယားစကားနှင့် ပြောပြီး အုန်းပင်ကွယ်မှ ထွက်လိုက်သည်။

မြဒင်ကို သူတို့ တွေ့သွားကြသည်။

ခေါင်းဆောင်လုပ်သူက ယိုးဒယားစကားနှင့် တုံ့ပြန်သည်

"မဆိုင်ရင် ဝင်မရှုပ်နဲ့"

သုံးယောက်နှင့်တစ်ယောက်ဆိုတော့ ဒီပွဲက ကြည့်မကောင်းဘူးဟု ယိုးဒယားလို မြဒင် ပြန်ပြောလိုက်သည်။

"ဟား... ဟား... ဟား..."

သူတို့ထံမှ ရယ်သံများ ထွက်လာသည်။

မြဒင် အသင့်ပြင်လိုက်သည်။

ထင်သည့်အတိုင်း တပည့်လုပ်သူနှစ်ယောက်က မြဒင်ထံ ဆိုက်ဆိုက်မြိုက်မြိုက် ပြေးဝင်လာကြသည်။

"ဟေ့ ဒီကောင့်မှာ အဆိပ်ရှိယတ်" ဟု ခေါင်းဆောင်လုပ်သူထံမှ ယိုးဒယားလို့ သတိပေးသည့်အသံက ထွက်လာသည်။

သို့သော်လည်း

သူတို့ နောက်မဆုတ်ကြပါ။

မြဒင်ကို ရှေ့နောက် ဝိုင်းရံလိုက်သည်။

မြဒင်အတွက် ဒါတွေ ရိုးနေပါပြီ။

ကိုယ်အနေအထားကို မြဒင် ပြောင်းလိုက်သည်။

သူတို့နှစ်ယောက် မြဒင်၏ ဂဲ၊ ယာ၊ တစ်ဖက်တစ်ချက်သို့ ရောက်သွားသည်။

"ယား"

ညာသံပေးလျက် အပြိုင်ဝင်လာကြသည်။

ညာမှ ဝင်လာသူကို ညာခြေဖြင့် မြဒင် ဆောင့်ကန်လိုက်သည်။

"ဖုန်း"

"အား"

"ယား"

ဘယ်မှလူက မြဒင်ကို လက်သီးနှင့် အလစ်ဝင်ထိုးသည်။

မြဒင် ပျင်းသည်။

သူ၏ ထိုးချက်ကို ပယ်လိုက်ပြီး ထိုလူ၏ မေးရိုးပေါ်သို့ ပင့်လက်သီးကို အပိုင်ကျွေးလိုက်သည်။

"အား"

ငနဲသား နောက်သို့ လန်ကျသွားသည်။

ထိုစဉ်

ကားမီးရောင်တန်းများ ပေါ်လာသည်။

ဟိုတယ်တွင်းမှ အော်စတင်ကားဖြူလေး ထွက်လာသောကြောင့် ရန်ပွဲက တန့်သွားသည်ဟု ဆိုရမည်။

ကားမီးရောင်များ ကျော်လွန်သွားလျှင် တပည့်နှစ်ယောက် မှောက်နေသည်။

ခေါင်းဆောင်ဟု ထင်ရသူက ပေကပ်ကပ် လုပ်နေသောကြောင့် ရှေ့သို့ မြဒင် တိုးလိုက်သည်။

အလွတ်စုံထောက်မြဒင် မျှော်လင့်သလို ဖြစ်မလာပါ။

ခေါင်းဆောင်လုပ်သူသည် သူ့တပည့်နှစ်ယောက်ကို ဖေးကူ၍ အမှောင်တွင်းသို့ တိုးဝင်သွားပါတော့သည်။

***